BURMESE WOMEN'S UNION




# အာဏာသိမ်းကြိုးပမ်းမှုကာလ အမျိုးသမီးများ၏ အခြေအနေ

## ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီ(၁)ရက်နေ့မှ ၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့အထိ တစ်နှစ်တာ အမျိုးသမီးရေးရာသတင်းသုံးသပ်ချက်


မြန်မာ့အမျိုးသမီးသမဂ္ဂ သတင်းနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေသည်

(၄)ရက်၊ ဖေဖေါ်ဝါရီလ၊ ၂၀၂၂ခုနှစ်

# နိဒါန်း

၂၀၂၀ခုနှစ် အထွေထွေရွေးကောက်ပွဲသည် ကပ်ရောဂါကာလအတွင်း ဝေဖန်သံများဖြင့်ပြီးဆုံးခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (National League for Democracy) NLD မှမဲအများ◌း□□ဖြင့် ထပ်မံအနိုင်ရခဲ့သည်။ ထိုကာလအတွင်း အစိုးရနှင့်စစ်တပ်အကြား နိုင်ငံရေးတင်းမာမှုများနှင့် ညှိနှိုင်းမရသည့်အသံများ ပေါ်ထွက်လာသော်လည်း တိုင်းပြည်ကိုခြွတ်ခြုံကျမွဲတေစေခဲ့သည့် အာဏာသိမ်းမှုအားစစ်တပ်မှ လုပ်ဆောင်လိမ့်မည်ဟု အများပြည်သူမှမမျှော်လင့်ခဲ့ပေ။ သို့သော်လည်း ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် စစ်တပ်မှ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးခေါင်းဆောင် အကြီးအကဲများအား ဖမ်းဆီးကာအာဏာသိမ်းခဲ့သည်။

စစ်အာဏာသိမ်းပြီးသည့် သုံးရက်မြောက်နေ့မှစတင်ကာ မြန်မာနိုင်ငံမြို့ကြီးများတွင် သောင်းချီပြည်သူ များက စစ်အာဏာရှင်စနစ်ကိုဆန့်ကျင်၍ ဖမ်းဆီးခံခေါင်းဆောင်များအား ချက်ချင်းလွတ်ရန် ငြိမ်းချမ်းစွာ တောင်းဆိုဆန္ဒဖော်ထုတ်မှုများ စတင်လုပ်ဆောင်လာကြသည်။ ထိုမှတဆင့် ပြည်သူလူထုများသည် စစ်အာဏာ ရှင်အမြစ်ပြတ်ချေမှုန်းရေးနှင့်အတူ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအထိ ကြီးမားကျယ်ပြန့် သည့် နိုင်ငံရေးတောင်းဆိုမှုများကို တစ်နိုင်ငံလုံး ဟန်ချက်ညီစွာ တောင်းဆိုလာခဲ့ကြသည်။ ထိုဆန္ဒထုတ်ဖော်မှု များထဲတွင် အမျိုးသမီးများလည်း ရှေ့တန်းမှထွက်ကာ ဦးဆောင်၍ ဆန္ဒပြပါဝင်ခဲ့ကြသည်။

စစ်အာဏာရှင်တို့၏ လမ်းစဉ်အတိုင်း ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်သည့် အမျိုးသမီးများအပေါ် သတ်ဖြတ် ခြင်းများ၊ မတရားဖမ်းဆီးခြင်း၊ စစ်ကြောရေးအပါအဝင်ခြိမ်းခြောက်ဖမ်းဆီး၊ ညှဉ်းပန်းနှိပ်စက်ခြင်းများ၊ လိင်ပိုင်း ဆိုင်ရာအကြမ်းဖက်ကျူးလွန်ခြင်း၊ အချုပ်ခန်းများတွင် လုံလောက်သောကျန်းမာရေး စောင့်ရှောက်ခွင့် မပေးခြင်း များနှင့် မိသားစုဝင်များအား တွေ့ခွင့်မပေးခြင်းများစသည့် ဆိုးရွားပြီးလူမဆန်သော လူ့အခွင့်အရေး ချိုးဖောက်မှု များကို အကြမ်းဖက်စစ်ကောင်စီမှ ကျူးလွန်နေသည်။ ထိုသို့ လူမဆန်သည့် လုပ်ရပ်များကြောင့် စစ်အာဏာရှင် စနစ်ကို အမြစ်ဖြတ်ချေမှုန်းရန် အမျိုးသမီးများသည် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် တတ်ကြွစွာ ဦးဆောင်ပါဝင် ခဲ့ကြသလို လက်နက်အားကိုးကာ ပြည်သူလူထုအား ရက်စက်ကြမ်းကြုတ်မှုများနှင့် တုန့်ပြန်ခဲ့ သောအကြမ်းဖက် စစ်အုပ်စုအား လက်နက်ကိုင်တော်လှန်မှသာ အောင်နိုင်မည်ဟု ဆုံးဖြတ်ခဲ့ကြသော အမျိုးသမီးများသည် အကြမ်း ဖက်စစ်အာဏာရှင်ကို လက်နက်ကိုင် ခုခံတွန်းလှန်ရန် ဒေသပြည်သူ့ကာကွယ် ရေးတပ်ဖွဲ့များ၊ အချို့သော တိုင်းရင်းသား တော်လှန်ရေးအဖွဲ့များတွင် ဝင်ရောက်၍ စစ်သင်တန်းတက်ရောက်ပြီး စစ်အာဏာရှင် အမြစ်ပြတ် ချေမှုန်းရေးအတွက် ကျရာအခန်းကဏ္ဍကနေ အကောင်းဆုံးတော်လှန်နေကြသည်။

အချို့မှာ ငြိမ်းချမ်းစွာဆန္ဒ ထုတ်ဖော်မှုများအား ဖိနှိပ်ဖြိုခွဲမှုများကြားမှ ရသည့်နည်းများဖြင့် ဆက်လက်လုပ်ဆောင် နေကြသလို မြို့ပြ ပျောက်ကြားလှုပ်ရှားမှုတွင်လည်း တတ်ကြွစွာပါဝင်နေကြသည်။

တဖက်တွင်လည်း နိုင်ငံတဝန်း စစ်ပွဲများပြင်းထန်လာပြီး စစ်ရှောင်ဦးရေတိုးလာလျက်ရှိကာ အမျိုးသမီး စစ်ရှောင်ဦးရေမှာ စုစုပေါင်းစစ်ရှောင်ဦးရေ၏ ထက်ဝက်ကျော်ရှိနေသည်။


ရခိုင်ပြည်နယ်ရှိ အိမ်မပြန်နိုင်သေးသည့် စစ်ရှောင်များပင်လျှင် စားနပ်ရိက္ခာများနှင့် လူသားချင်းစာနာမှု အကူအညီများရရှိရန် ခက်ခဲနေသည့်အခြေအနေများ ရင်ဆိုင်နေရပြီးပြည်နယ်အသီးသီးတွင် ထပ်တိုးလာလျှက် ရှိသော စစ်ရှောင်များမှာရိက္ခာ၊ နေရာထိုင်ခင်း၊ ဆေးဝါးစသဖြင့် မလောက်ငှမှုများ ရင်ဆိုင်နေရသည်။ ထို့အပြင် IDP စခန်းအပါအဝင် နေရာအသီးသီးတွင် စစ်ရှောင်နေရသော အချို့အမျိုးသမီးများနှင့် ကလေးသူငယ်များမှာ စစ်ကောင်စီ၏ပစ်ခတ်မှုများကြောင့် လက်နက်များထိမှန်ကာ သေဆုံးခဲ့ရမှုများရှိသလို စစ်ကောင်စီတပ်ဖွဲ့ဝင်များ ထောင်ထားသည့်မိုင်းများ နင်းမိကာ ထိခိုက်ဒါဏ်ရာရသူများ ရှိခဲ့သည်။

## စစ်အာဏာသိမ်းပြီးနောက် အမျိုးသမီးများ၏ အခြေအနေများ

- ### အမျိုးသမီး၏နိုင်ငံရေးလှုပ်ရှားမှု

ဖေဖော်ဝါရီ (၉)ရက်နေ့ နေပြည်တော်တွင် စစ်အာဏာရှင်ဆန့်ကျင်ရေး ငြိမ်းချမ်းစွာဆန္ဒပြနေသည့် ပြည်သူများကို စစ်အုပ်စုမှအကြမ်းဖက်ဖြိုခွင်းမှုကြောင့် အသက်(၁၉)နှစ်အရွယ် မမြသွဲ့သွဲ့ခိုင်သည် ဦးခေါင်းကျည်ထိမှန်၍ (၁၉)ရက်နေ့တွင် သေဆုံးခဲ့ရသည်။ သူမသည် နွေဦးတော်လှန်ရေးတွင် ပထမဦးဆုံး အသက်ပေးခဲ့ရသော အမျိုးသမီးသူရဲကောင်းတဦးဖြစ်သည်။ အာဏာသိမ်းစစ်တပ်မှ ဆန္ဒပြမှုများကို အကြမ်းဖက် ဖြိုခွင်းလျက်ရှိသော်လည်း အမျိုးသမီးများဦးဆောင်သည့် ဆန္ဒပြပွဲများရပ်တန့်သွားခြင်းမရှိပေ။ အမျိုးသမီး ဦးဆောင်သပိတ်များဖြစ်သည့် "၂၁ရာစုပန်ထွာဘုရင်မများစစ်ကြောင်း"၊ "ပုခက်လွှဲတဲ့ငါတို့လက် အာဏာရှင်ကို အမြစ်ဖြတ် "၊ "ငါတို့ထမီ၊ ငါတို့အလံ၊ ငါတို့အောင်ပွဲ"၊ "အမျိုးသမီးတို့ဘုန်းနဲ့ မုဒိမ်းတပ်ကို ချေမှုန်းမယ်"၊ "တပ်ကိုကြိတ်မယ့်မိန်းမများ သံတိုင်ကြားကလက်ထောင်ထား"၊ "ရဲမေတို့ရှေ့ထွက်_ တော်လှန်နှစ်သစ်ခရီးဆက် မုဒိမ်းစစ်တပ်အမြစ်ဖြတ် ဖမ်းဆီးခံများအတွက်" စသဖြင့် သပိတ်စစ်ကြောင်းများကို ယနေ့အချိန်ထိရသည့်နေရာ ရသည့်အချိန်တွင် စစ်အာဏာရှင် အမြစ်ပြတ်ချေမှုန်းရေးအတွက် ငြိမ်းချမ်းစွာ ထုတ်ဖော်ဆန္ဒပြနေဆဲ ဖြစ်သည်။

ထိုသို့ နိုင်ငံရေးလှုပ်ရှားမှုများတွင်ပါဝင်သည့် အမျိုးသမီးများကိုလည်း အကြမ်းဖက်စစ်တပ်မှ ညှဉ်းပန်းနှိပ်စက်ခြင်းများအပြင် မတရားဖမ်းဆီးထိန်းသိမ်း၍ ထောင်ဒါဏ်များချမှတ်ခဲ့သည်။ အာဏာစသိမ်းသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁)ရက်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ (၁)ရက်နေ့အထိ အာဏာသိမ်းစစ်အုပ်စု၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံရသည့် အမျိုးသမီးပေါင်း (၁၆၂၂)ဦးရှိခဲ့ပြီး ပြစ်ဒါဏ်ချမှတ်ခံရသူ အမျိုးသမီး (၉၅)ဦး







ရှိခဲ့သည်။

အမြင့်ဆုံးပြစ်ဒါဏ်အဖြစ် သေဒါဏ်ချမှတ်ခံရသည့် အမျိုးသမီးများ (၅) ဦးထိ ရှိသကဲ့သို့ ထောင်ဒါဏ်တသက်တ ကျွန်းချမှတ်ခံထားသူ အမျိုးသမီး (၆)ဦးထိ ရှိခဲ့သည်။ ဖမ်းဆီးခံပုဒ်မများနှင့် စွပ်စွဲခံရသူများမှာ မျှတသည့်တရား ခွင် အယူခံခွင့်တို့ ဆုံးရှုံးနေကြသည်။

ဖမ်းဆီးခံရသူ အမျိုးသမီးအများစုသည် ဖမ်းဆီးခံရပြီးနောက် မိသားစုဝင်များနှင့် အဆက်အသွယ်ပြတ်တောက်မှုများရှိပြီး နောက်ဆက်တွဲသတင်းအချက်အလက်များ မရရှိသည်များလည်းရှိခဲ့သည်။ ကချင်ပြည်နယ်၊ မိုးညင်းမြို့နယ်မှ ကိုးတန်းကျောင်းသူတဦးအား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် ချိတ်ဆက်မှုရှိသည်ဟုဆိုကာ စစ်ကြောရေးတွင် ရိုက်နှက်မှုများ ပြုလုပ်ခံနေရသော်လည်း မိသားစုဝင်များနှင့် (၂)လကျော်ကြာ သည်အထိ တွေ့ခွင့်မရခဲ့ပေ။

ဖမ်းဆီးချုပ်နှောင်ခံထားရသည့် အမျိုးသမီးများသည် စစ်ကောင်တပ်ဖွဲ့ဝင်များ၏ စစ်ကြောရေးများတွင် ညင်းပန်းနှိပ်စက်ခြင်းခံရသည့်အပြင် လိင်ပိုင်းဆိုင်ရာအကြမ်းမှုများကိုပါ ခံနေကြရသည်။ အကြမ်းဖက်စစ်အုပ်စုအနေဖြင့် အထက်ပါနည်းလမ်းများကိုအသုံးပြုကာ အမျိုးသမီးများနိုင်ငံရေးပါဝင်မှု အားနည်းလာစေရန် ရည်ရွယ် ချက်ရှိရှိဖြင့် လုပ်ဆောင်နေသည်။ စစ်ကြောရေးတွင် ရောက်ရှိနေသည့် အမျိုးသမီးတစ်ဦးအား သူမ၏ဖခင်ရှေ့ တွင် မဖွယ်မရာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို စစ်ကောင်စီတပ်ဖွဲ့ဝင်များမှ ကျူးလွန်

ခဲ့သည်[1]။ ထိုနည်းတူ စစ်ကြောရေးတွင်ရောက်ရှိခဲ့သည့် မဝင်းဝင်းကိုအား စစ်ကောင်စီတပ်ဖွဲ့ဝင်များမှ အရက်တိုက်ကာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများဖြစ်သည့် ရင်သားတို့ကိုကိုင်တွယ်ခြင်းများ ပြုလုပ်ခဲ့သည့်အပြင် မုဒိမ်းကျင့်ရန် ကြိုးပမ်းမှုများရှိခဲ့သည်။[2] ထို့အပြင် စစ်ကြောရေးတွင် နှိပ်စက်ညှဉ်းပန်းခံရမှုကြောင့် မစိုးမီမီကျော်သည် အရက်ပုံသောက်ကာ မိမိကိုယ်ကိုအဆုံးစီရင်ရန် ကြိုးပမ်းခဲ့သည်။ အထက်ဖော်ပြပါ ဖြစ်စဉ်များသည် ဖမ်းဆီးထိန်းသိမ်း ခံထားရသည့်သူများအား စစ်တပ်မှလူသားမဆန်စွာ ညှဉ်းပန်းနှိပ်စက်မှုများ ကျူးလွန်နေသည်ကို မီးမောင်း ထိုးပြနေသည်။

စစ်တပ်၏ ဖမ်းဆီးမှုကိုခံရလျှင် နှိပ်စက်ညင်းပန်းခံရပြီး ဘဝဆုံးရှုံးရမည်ထက် အသက်ပေးပြီး စစ်အာဏာရှင်ကို အနိုင်ယူပြခဲ့သည့် သူရဲကောင်းအမျိုးသမီးများလည်း ရှိခဲ့သည်။ ထိုအမျိုးသမီးများထဲမှ မပန်းသီး (ခေါ်) မဝေဝေမြင့်သည် စစ်ကောင်စီတပ်ဖွဲ့များ သူမတို့နေထိုင်သည့် တိုက်ခန်းကို ဝင်ရောက်ရှာဖွေ ဖမ်းဆီးမှုပြုလုပ်နေစဉ် တိုက်ပေါ်မှခုန်ချကာ အသက်ပေးသွားခဲ့သည်။

တဖက်တွင်လည်း ဖမ်းဆီးထိန်းသိမ်းခံထားရသူများကို လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှု မပေးပဲ လစ်လျူရှုမှုများကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် အမျိုးသမီးများလည်း ရှိခဲ့သည်။ ဒေါ်ခင်မာရီ(ခ) ဖွားချိုသည် ပုဒ်မ၅ဝ၅(ခ) ဖြင့် မင်းကင်းရဲစခန်းတွင် ဖမ်းဆီးထိန်းသိမ်းခံထားရစဉ် ဆီးချိုရောဂါရှိ၍ ဆေးကုသခွင့်တောင်းခံသော်လည်း မရသဖြင့် အချုပ်ခန်းတွင် ဆီးချိုတက်ကာ ကျဆုံးခဲ့ရသည်။[3] ထို့အပြင ်မမိုးသူ (ခ) မမိုး သူဇာထွေးမှာ အင်းစိန်ထောင်တွင် အကျဉ်းချခံထားရစဉ် ကိုဗစ်ကူးစက်ခံရသော်လည်း ဆေးကုသခွင့်မရသဖြင့် ဇူလိုင်လ (၂၂)ရက်နေ့တွင် ကျဆုံးခဲ့ရသည်။[4]

အမျိုးသမီးများသည် အာဏာသိမ်းစစ်အုပ်စု၏ မတရားဖိနှိပ်မှုအောက်မှ လွတ်မြောက်လို၍ နွေးဦးတော် လှန်ရေးအောင်မြင်စေရန် ရရာနည်းလမ်းမျိုးစုံဖြင့် ပါဝင်နေကြသည်။ အချို့အမျိုးသမီးများသည် ဒေသပြည်သူ့ ကာကွယ်ရေးတပ်များကို ဝင်ရောက်သူများရှိသကဲ့သို့ အမျိုးသမီးသီးသန့်ပျောက်ကျား တပ်ဖွဲ့များဖွဲ့စည်းမှုများ ရှိလာသည်။

အကြမ်းဖက်စစ်ကောင်စီမှ အမျိုးသမီး၊ အမျိုးသမီးငယ်များ၊ ကလေးသူငယ်များအပါအဝင် ပြည်သူလူထု အားသတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်း ၊ညှဉ်းပန်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းနှင့် သတင်းအချက် အလက်များ လျှို့ဝှက်ထားခြင်းတို့ဖြင့် အကြောက်တရားများ ပိုမိုများပြားလာ၍

---

[1] MyanmarPressphoto, Aug 24, https://www.facebook.com/mmpressphoto/posts/6054855867888723

[2] Myanmar Now, Jan 17, https://www.myanmar-now.org/mm/news/10110

[3] KhitThit Media, July 22, https://www.facebook.com/khitthitnews/posts/1252839011820109

[4] Burma News Network, July 24

အမျိုးသမီးများနှင့် ပြည်သူလူထုများ နိုင်ငံရေးတွင်ပါဝင်လာမှုအားနည်းစေရန် ရည်ရွယ်ချက်ရှိရှိဆောင်ရွက်နေသည် ဟုသုံးသပ်ပါသည်။

အမျိုးသမီးများသည်လည်း အကြမ်းဖက်စစ်တပ်၏ မတရားပြုကျင့်မှုများကို ကျရာကဏ္ဍမှ ယနေ့ချိန်ထိ အားကောင်းကောင်းဖြင့် တိုက်ပွဲဝင်နေဆဲဖြစ်သောကြောင့် စစ်ကောင်စီ၏အာဏာသိမ်းမှုမှာ လက်ရှိအချိန်ထိ အောင်မြင်မှုမရှိသည်ကို သုံးသပ်နိုင်ပေသည်။

## ▪ အမျိုးသမီးနှင့်စီးပွားရေးအခြေအနေ

အမျိုးသမီးများသည် အာဏာသိမ်းကာလနှင့်တပြိုင်နက်တည်း ကိုဗစ်ကူးစက်ပျံ့နှံ့မှု အခြေအနေများကြောင့် နေ့စဉ်မိသားစုအသက်ရှင်ရပ်တည်ရေး စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရဖြစ်သည်။ ဈေးဝယ်ရာမှအစ ကျန်းမာရေးကုသခံယူမှုအထိ အစစအရာရာငွေကြေးအခက်အခဲများနှင့် ရင်ဆိုင်ကြရသည်။

အာဏာသိမ်းမှုမတိုင်မီ ကိုဗစ်ရောဂါပျံ့နှံ့မှုကာလအတွင်းတွင် ဘဏ်စနစ်များကောင်းမွန်ခြင်း၊ ဘဏ်များ၊ ATMများသည်လည်း ကိုဗစ်ထိန်းချုပ်ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ပုံမှန်လည်ပတ်သောကြောင့် ဘဏ်စုငွေများကို ထုတ်ယူရန်အခက်အခဲမရှိပေ။ သို့သော် စစ်တပ်အာဏာသိမ်းသည့်ကာလမှစတင်၍ ကျွမ်းကျင်သော ဘဏ်ဝန်ထမ်းအများစုမှာ အကြမ်းမဖက်လူထုအာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်လာကြသောကြောင့် ဘဏ်လည်ပတ်မှုစနစ်မှာ ပုံမှန်လည်ပတ်နိုင်သည့် အနေအထားအရှိသလို စစ်ကောင်စီထိန်းချုပ်မှုနှင့် လည်ပတ်နေသော ဗဟိုဘဏ်၊ ဘဏ်စနစ်များအား ပြည်သူလူထုမှ ယုံကြည်မှုကင်းမဲ့လာပြီး စုငွေများအားလုံးကို ထုတ်ယူခြင်းကြောင့် ဘဏ်လုပ်ငန်းများ ပုံမှန်မလည်ပတ်နိုင်တော့သည်ကိုတွေ့ရသည်။ ထို့ကြောင့် ငွေသားရှိထားသော လုပ်ငန်းရှင်များမှ ငွေသားများအား (၅၇)ရာခိုင်နှုန်းယူကာ ပြန်လည်ထုတ်ပေးခြင်းကြောင့် မိမိတို့ဘဏ်စုငွေများကိုထုတ်ယူ ရာတွင် အခက်အခဲများနှင့် ရင်ဆိုင်ကြရသည်။

တဖက်တွင်လည်း အာဏာသိမ်းမှုကြောင့် မြန်မာပြည်သူများသည် မြန်မာကျပ်ငွေကို အယုံအကြည်မရှိကြတော့ပဲ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ၊ ထိုင်းဘတ်စသည်တို့ကိုသာ လှဲလှယ်ကိုင်ဆောင်ထားကြသည်။ ထို့ကြောင့် စစ်တပ်အာဏာသိမ်းသည့်ကာလ ဖေဖော်ဝါရီလစတင်၍ မြန်မာကျပ်ငွေတန်ဖိုးမှာ အမေရိကန် (၁) ဒေါ်လာကို မြန်မာငွေကျပ် (၁၇၀၀) ကျော်အထိ ဈေးပေါက်လောက်အောင်ပင် ကျပ်ငွေတန်ဖိုးကျဆင်း ခဲ့သည်[5]။ ထိုသို့ ငွေသားရှားပါးခြင်းနှင့် မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းခြင်းတို့အပြင် လမ်းပန်းဆက်သွယ်ရေးမှာလည်း

[5] The Standard Time Daily, 20th August 2021, https://www.facebook.com/standardtimedaily/posts/3959407277504530

စစ်ကောင်စီတပ်ဖွဲ့ဝင်များ၏ တင်းကျပ်သော စစ်ဆေးမှု တို့ကြောင့်လည်း မြန်မာပြည်တွင်း ကုန်စျေးနှုန်းများ မြင့် တက်လျက်ရှိသည်။

ကုန်စျေးနှုန်းမြင့်တက်သောကြောင့် ကနဦးထိ ခိုက်မှုအများဆုံးသူများမှာ အိမ်ရှင်မများဖြစ်သည်။ အလုပ်အကိုင်ရှားပါးမှုနှင့် ကုန်စျေးနှုန်းမြင့်တက်မှုဒါဏ်ကြောင့် အမျိုးသမီးများမှာ မိမိတို့၏ ဆံကေသာများကို ရောင်းကာ ဝမ်းရေးဖြေရှင်းရသည်အထိရှိလာသည်။[6] အချို့အမျိုးသမီးများမှာ ဆိုင်ကယ်ကယ်ရီဆွဲကာ ဝမ်းရေး အတွက် ဖြေရှင်းနေကြရသည်။ အမျိုး သမီးအခြေခံ အလုပ်သမားလူတန်းစားများမှာ ကုန်စျေးနှုန်းမြင့်တက်မှုနှင့် အလုပ်အကိုင်ရှားပါးမှုဒါဏ်တို့ကို ရင်ဆိုင်နေကြရသည်။ စစ်တပ်အာဏာသိမ်းမှုကြောင့် အမျိုးသမီးအလုပ်သမား (၈၀)ရာခိုင်နှုန်းကျော်ရှိသည့် အထည်ချုပ်စက်ရုံပေါင်း (၇၄၁) ရုံမှ စက်ရုံပေါင်း(၂၅၆)ရုံကို ရပ်နားထားခဲ့ရသည်။[7] ထို့ကြောင့် အထည်ချုပ်စက်ရုံ အလုပ်သမား(၁) သိန်းခွဲကျော်မှာ အလုပ်လက်မဲ့ဘဝသို့ ရောက်ရှိခဲ့သည်။ ထို့အ တွက်ကြောင့် အလုပ်သမ များအတွက် ဝမ်းရေးဖြေ ရှင်းရေးသည် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာခဲ့သည်။

ထို့ကြောင့် အထည်ချုပ်စက်ရုံနှင့် အခြားအလုပ်ရုံများမှ အလုပ်နားလိုက်ရသည့် အချို့အလုပ်သမများမှာ လိင်လုပ်သားအဖြစ်သို့ ရောက်သွားကြရသည်။[8] မစုသက်သည်လည်း အာဏာသိမ်းချိန်မှစ၍ အလုပ်အကိုင်ရှားပါး မှုကြောင့် စားဝတ်နေရေးဖြေရှင်းရန် KTVတွင်အလုပ်ဝင်ခဲ့ရသည်။ သူမ၏ ဝမ်းရေးအတွက်ဖြေရှင်းရာတွင် အခက်ခဲများနှင့် ရင်ဆိုင်ရပုံကို **"လက်ရှိ ကတော်တော်ရုန်းကန်နေရတယ်။ မိသားစုကိုမပေးနိုင်တော့တာလည်း ရှိတယ်။ ရဲကြေးလိုင်းကြေးဆိုတာတွေလည်း ပေးနေရတယ်။ အလုပ်က ဆင်းဆင်း၊ မဆင်းဆင်း လူကလာလာ၊ မလာလာ ရဲကြေးလိုင်းကြေးက အသားတင်ငါးသောင်း ပေးနေရတယ်"** လို့ မစုသက်ကဆိုပါတယ်။ မြန်မာနိုင်ငံတွင် ကိုဗစ်ရိုက်ခတ်မှုနှင့် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် လာမည့်နှစ်တွင် လူဦးရေ(၂၅)သန်းမှာ အငတ်ဘေးနှင့် ကြုံရနိုင်သည်ဟု UNDP မှလည်း ထုတ်ပြန်ထားပါသည်။[9]

## ▪ အမျိုးသမီးအကြမ်းဖက်ခံရမှုများ

---

[6] HI, Dec 4, https://bit.ly/3lxugmq

[7] RFA, Nov 9, https://www.facebook.com/watch/?v=1028429607718680

[8] HI, Sep 19, https://bit.ly/3jeD3IU

[9] RFA, Dec 9, https://www.facebook.com/watch/?ref=saved&v=1056545088412233

အမျိုးသမီးများ ဥပဒေမဲ့အကြမ်းဖက်ခံရမှုများမှာ အာဏာသိမ်းမှုနောက်ပိုင်း ပိုမိုများပြားလာလျက်ရှိသည်။ အာဏာသိမ်းမှုကြောင့် အဖက်ဖက်မှ ပျက်စီးနေသော တရားဥပဒေစနစ်နှင့် တရားဥပဒေစိုးမိုးရေး မရှိသည့်အတွက်ကြောင့် ကျူးလွန်သူများမှာ ပို၍ပင် အတင့်ရဲကျူးလွန်လာကြသည်။

စစ်အုပ်နှင့် ဆက်စပ်သူများ၊ စစ်သားများပင်လျှင် အိမ်ထဲဝင်ကာ အမျိုးသားကို သေနတ်ထောက်၍ ကိုယ် ဝန်(၇)လ လွယ်ထားသည့် အမျိုးသမီးအား အကြိမ်ကြိမ်မုဒိမ်းကျင့်မှု ကျူးလွန်ခဲ့သည်။[10] ထိုနည်းတူ ရှမ်းပြည်နယ် မြောက်ပိုင်းမှ ခြံစောင့်အသက်(၆၀)ကျော် အမျိုးသမီးအား စစ်ကောင်စီတပ်ဖွဲ့ဝင်တစ်ဦးမှ မုဒိမ်းကျင့်ခဲ့မှုကြောင့် တိုင်ကြားခဲ့ရာ စစ်ကောင်စီတပ်မှ အဆိုပါတပ်သားအား အရေးယူမည်ဟု နိုဝင်ဘာလ (၁၁)ရက်နေ့က သတင်း ထုတ်ပြန်ခဲ့သည်။ လက်တွေ့အရေးယူဆောင်ရွက်မှုနှင့်ပတ်သက်၍ စစ်အာဏာရှင်တို့၏ လုပ်ရိုးလုပ်စဉ်အတိုင်း ပွင့်လင်းမြင်သာမှုမရှိပေ။ စစ်အာဏာရှင်နှင့်ဆက်စပ်သူများမှ မည်သည့်ပြစ်မှုမျိုးကျူးလွန်နေပါစေ ယခင်ကတည်းက ရှင်းလင်းပြတ်သားသည့် အရေးယူဆောင်ရွက်မှုများမရှိခဲ့ပေ။ ပြီးခဲ့သည့် နိုဝင်ဘာလတွင် မအူပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးဒု-ဦးစီးမှူးနေအိမ်မှ ပစ္စည်းပျောက်မသင်္ကာမှုဖြင့် ရဲနှစ်ဦးမှ စစ်ဆေးမေးမြန်းရင်းလက်လွန်ကာ ကိုယ်ဝန်(၂)လလွယ်ထားသည့် မတင်မော်လင်း သေဆုံးခဲ့ရသည်။ ထိုသို့ သေဆုံးမှုကိုဖြစ်စေသော ထိုရဲနှစ်ဦးအား မည်သည့်အပြစ်ပေးအရေးယူမှုမျှမလုပ်ဆောင်ပဲ နေရာပြောင်းရွှေ့ခြင်းကိုသာ လုပ်ဆောင်ခဲ့ သည်။ ထို့အပြင် ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ နွမ်လန်းကျေးရွာမှ အသက်(၅၁)အရွယ်အမျိုးသမီးတစ်ဦးအား စစ်သား(၃)ဦးမှ မုဒိမ်းကျင့် သတ်ဖြတ်ခဲ့သည်။ သို့သော်လည်း စစ်ကောင်စီ၏ မြန်မာ့အလင်းသတင်းစာတွင် စကားများရန်ဖြစ်၍ ဒေါသထွက်ကာ သတ်မိခဲ့ခြင်းသာဖြစ်ကြောင်း ဖော်ပြထားပြီး တပ်မ(၈၈)နှင့် ခမရ(၆၁၆)တို့သည် ကျပ်ငွေ(၂၁)သိန်းဖြင့် သေဆုံးသူမိသားစုထံ လာရောက်တောင်းပန်မှုကိုသာ ဆောင်ရွက်ခဲ့သည်။[11]

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ အချိုးအကွေ့တိုင်းရှိ အတားအဆီးများ စာအုပ်မိတ်ဆက်ခြင်း အစီစဉ်တွင်ပါဝင်သည့် ဆရာမမေမိုးမှ အာဏာသိမ်းကာလအတွင်း အမျိုးသမီးများသည် မဖွယ်မရာပုံများ၊ ဗွီဒီယို များဖြင့် ခြိမ်းခြောက်ခံရခြင်းနှင့် မုဒိမ်းကျင့်ခံရမှုများ ပိုမိုများပြားလာကြောင်း ဝေဖန်ထောက်ပြခဲ့သည်။ တရား ဥပဒေစိုးမိုးမှု လုံးဝပျက်သုဉ်းနေသည့်အတွက် အမျိုးသမီးငယ်များ၏ပုံများကို ဖြတ်ညှပ်ကပ်လုပ်ကာ မဖွယ်မရာ ပုံအသွင်ပြောင်းကာ အမျိုးသမီးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ပိုမိုများပြားလာ လျက်ရှိသည်။ ကျူးလွန်သူများသည် အကြမ်းဖက်မှုများကို ပြောင်ပြောင်တင်းတင်း လုပ်ဆောင်နေသော်လည်း

---

[10] Irrawaddy, Nov 19
https://burma.irrawaddy.com/opinion/interview/2021/11/19/247573.html?fbclid=IwAR3pgkfUKG4Gckj_osLfJsMkUbO4yd_iLMrb1gw8Xh7dWXbIdGnH23EUgRU

[11] The 74 Media, July 15

အုပ်ချုပ်ရေးယန္တရား မလည်ပတ်နိုင်ခြင်းနှင့် တရားဥပဒေစိုးမိုးမှု မရှိတော့သောကြောင့် တိုင်ကြားရန်ပင် အခြေအနေမပေးသဖြင့် တရားမျှတမှုရရှိရန် ကြီးမားသည့်စိန်ခေါ်မှုများကို ကျူးလွန်ခံရသူများမှ ရင်ဆိုင်နေကြရသည်။ မြန်မာနိုင်ငံတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့်ပတ်သက်၍ ပတ်ဝန်းကျင်မှ ကျူးလွန်ခံရသူကို ဖယ်ကျဉ်ခြင်း၊ နှိမ့်ချ၊ ကဲ့ရဲ့ခြင်းများစသည့် (victim blaming) အပြစ်တင်၊ ဝေဖန်ခြင်းများကြောင့် ကျူးလွန်ခံရသည့် အမျိုးသမီးငယ်များမှာ ဖွင့်ဟမပြောဘဲ နေကြသည်။

မြို့ပေါ်နေ အမျိုးသမီးများသည်လည်း လုပ်ငန်းခွင်တွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် အမြတ်ထုတ်မှုများကို အာဏာသိမ်းမှုနောက်ပိုင်း ပို၍ခံနေကြရသည်။ ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်တွင် တရုတ်နိုင်ငံသားပိုင် Xinda Home Textile စက်ရုံတွင် အလုပ်သမားများကို လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်စော်ကားမှုများအပြင် အကြောင်းမဲ့ ဖိအားပေးအလုပ်ထုတ်ပယ်ခံရခြင်းများနှင့် ကြုံတွေ့နေကြရသည်။ ထို့အပြင် လိင်ပိုင်းဆိုင်ရာ ကျူးလွန်ပြီးလျှင် လျော်ကြေးအနည်းငယ်ပေး၍ ဖြေရှင်းခြင်းကို ခံနေကြရသည်။ အလုပ်အကိုင်ရှားပါးမှုကိုအ ကြောင်းပြကာ အလုပ်ရှင်များမှာလည်း အလုပ်သမားလစာများကို ခေါင်းပုံဖြတ်ခြင်းအပြင် တရားဥပဒေစိုးမိုးမှု မရှိသည်ကို အခွင့်ကောင်းယူကာ အမျိုးသမီးအလုပ်သမားအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ကျူးလွန်နေသည်။ အလုပ်အကိုင်ရှားပါးမှုကြောင့် အချို့အမျိုးသမီးများမှာ အလုပ်မထွက်ဘဲအလုပ်ရှင်/ အထက်အရာရှိ များ၏ အကြမ်းဖက်မှုများကို ရေငုံနှုတ်ပိတ်နေလိုက်ရသည့်အခြေအနေများလည်း ရှိနိုင်သည်ကို သုံးသပ်၍ရနိုင်သည်။ ထိုနည်းတူ တရားဥပဒေစိုးမိုးမှုမရှိသည်ကို အခွင့်ကောင်းယူကာ ကျူးလွန်သူများသည် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ကျူးလွန်လျက်ရှိသည်ကိုလည်း သုံးသပ်တွေ့ရှိရသည်။

တဖက်တွင်လည်း အမျိုးသမီးများသည် အိမ်တွင်းအကြမ်းဖက်မှုကို ယခုကာလတွင် ပို၍ခံနေကြရသည်။ သို့သော် လက်ရှိကာလအခြေနေအရ မည်မျှတိုးလာသည်ကို စာရင်းပြုစုနိုင်ခြင်း မရှိပေ။ လတ်တလော နိုင်ငံရေးအကြပ်အတည်းနှင့် ပြည်တွင်း၊ စစ်ပဋိပက္ခတို့ကြောင့် အမျိုးသမီးတို့၏ အိမ်တွင်းအကြမ်းဖက်ခံရမှုကို အာရုံစူးစိုက်မှုအားနည်းလာသည်ဟု သုံးသပ်မိပါသည်။ ထိုသို့ အိမ်တွင်းအကြမ်းဖက်မှုခံနေရသည့် အမျိုးသမီးများ ကိုလည်းဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများမှာလည်း လက်ရှိကာလတွင် ထိုဒေသများ၌ စစ်ဖြစ်နေခြင်း (သို့မဟုတ်) အာဏာသိမ်းစစ်ကောင်စီခရီးသွားတင်းကြပ်စစ်ဆေးမှုများကြောင့် လုံခြုံရေးအန္တရာယ် ရှိသည့်အတွက် မြေပြင်တွင်သွားရောက်ကူညီ၊ဝန်ဆောင်မှုမပေးနိုင်သည့် အခြေအနေများနှင့် ရင်ဆိုင်နေကြရသည်။

လက်ရှိတွင် မြန်မာနိုင်ငံသည် အာဏာလုယူထားသည့် စစ်ကောင်စီလက်အောက်တွင် ရောက်ရှိနေသည့်

အနေအထားဖြစ်သဖြင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများ လျော့ကျသွားစေရန်၊ ကျူးလွန်ခံရသူအမျိုးသမီးများကို ထိရောက်စွာဖြေရှင်းလုပ်ဆောင်ပေးမည့် လမ်းကြောင်းမရှိဟု သုံးသပ်မိပါသည်။ တဖက်တွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟု ပုံစံပြောင်းထားသည့်စစ်တပ်သည် အမျိုးသမီးအရေးနှင့် ပတ်သက်၍ လုံးဝလုပ်ဆောင်ခြင်းမရှိသည့်အပြင် လိင်ပိုင်းအကြမ်းဖက်မှုအပါအဝင် ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းစသဖြင့် ဆိုးရွားသည့် အမျိုးသမီးလူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်နေသည်ကို တွေ့မြင်သုံးသပ်သည်။

## ▪ အမျိုးသမီးနှင့်ကျန်းမာရေး

အာဏာသိမ်းကာလအတွင်း မြန်မာနိုင်ငံ၏ ဆုတ်ယုတ်မှုအခြေအနေများတွင် ကျန်းမာရေးကဏ္ဍလည်း အပါအဝင်ဖြစ်သည်။ စစ်အုပ်စုအာဏာမသိမ်းခင်ကာလက အစိုးရမှ ဆုံးဖြတ်ခဲ့သော ကိုဗစ် (၁၉) ကပ်ရောဂါနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ လူဦးရေထက်ဝက်နီးပါးကို နှစ်ဆန်းပိုင်းတွင် ကာကွယ်ဆေးထိုးနှံပေးမည့် အစီအစဉ်မှာလည်း အာဏာသိမ်းမှုကြောင့် ပျက်စီးခဲ့ရပြီး ကိုဗစ်ကူးစက်ခံရမှုကြောင့် သေဆုံးမှုများပြားခဲ့သည်။ ထို့အပြင် ကလေးသူငယ်နှင့် ကိုယ်ဝန်ဆောင်မိခင်များမှာ ပုံမှန်ထိုးနေကျ ကာကွယ်ဆေးထိုးခွင့်များ ဆုံးရှုံးခဲ့ရသည်။


Photo 1: photo from MMtimes

ဆေးရုံဆေးခန်းများဖွင့်လှစ်မသက်ာမှုဖြင့် ဝင်ရောက်စီးနင်းမှု များအပြင် အကူအညီပေးနေသည့် ဆရာဝန်များကိုလည်း ဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့သည်။ အာဏာသိမ်းကြိုးပမ်းမှုကာလအစောပိုင်းတွင် ကိုဗစ်ကူးစက်ပျံ့နှံ့မှုကို မထိန်းချုပ်နိုင်မှုများကြောင့် ဆေးရုံများတွင် အခြား ပြင်ပလူနာများကို လက်မခံနိုင်သည့် အခြေအနေများရှိခဲ့သည်။ ထိုသို့ ဆေးကုသမှုခံယူခွင့် ဆုံးရှုံးရခြင်းကြောင့် ရခိုင်ပြည်နယ်တွင်

ကိုဗစ်ရောဂါကူးစက်ခံရပြီး ကိုယ်ဝန်ဆောင်အမျိုးသမီးကိုးဦး[12]နှင့် အခြားပြည်နယ်နှင့် တိုင်း ဒေသကြီးများတွင် သေဆုံးမှုများရှိခဲ့သည်။ အာဏာသိမ်းကာလ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်မှုများကြောင့် တိကျသည့် အချက်အလက်များရရှိရန် ခက်ခဲခဲ့သည်။

ထို့အပြင် ပြင်ပလူနာများအား အခမဲ့ဆေးကုသမှုပေးနေသည့် လှိုင်ကော်မြို့ပေါ်ရှိ ဂရုဏာဆေးခန်းကို လည်း စစ်ကောင်စီဝင်များက ဝင်းရောက်စီးနင်းကာ စေတနာ့ဝန်ထမ်းဆရာ/မများကို ခေါ်ဆောင်သွားခဲ့ပြီးသည့် နောက် ဂရုဏာဆေးခန်းအား ယာယီပိတ်ထားလိုက်ရသည်။[13] ပုဂ္ဂလိကဆေးရုံများတွင် ဆေးကုသမှုခံယူရန် ဆေးကုသစရိတ်မပေးဆောင်နိုင်သူများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ အားထားရသော ထိုဆေးခန်းအား ပိတ်သိမ်းခံရခြင်းကြောင့် မွေးဖွားခါနီးကိုယ်ဝန်ဆောင်များအတွက် များစွာခက်ခဲစေပြီး အန္တရာယ်များသည့် မီးဖွား နည်းများဖြင့် မီးဖွားခဲ့ကြရသည်။ ထိုအခြေအနေများကို သုံးသပ်ကြည့်ခြင်းအားဖြင့် စစ်တပ်သည် ၎င်းတို့ အာဏာတည်မြဲစေရန်အတွက် ပြည်သူများအတွက် အရေးကြီးသည့် ကျန်းမာရေးစောင့်ရှောက်မှုအား လှစ်လျူရှု ထားခဲ့သည်။

## ▪ စစ်ပဋိပက္ခကြားမှ အမျိုးသမီးများ၏ အခြေအနေများ

လက်ရှိကာလသည် နိုင်ငံတဝန်း စစ်ပွဲမရှိသည့်နေရာဟူ၍ မရှိသလောက်ရှားနေသည့် အချိန်အခါ ဖြစ်သည်။ ယခင်စစ်မဖြစ်ဖူးသည့်ဒေသများသည်လည်း ယခုအချိန်တွင် စစ်အာဏာရှင်ကို အမြစ်ဖြတ်တိုက်ထုတ်ရန် လက်နက်ကိုင်ခုခံတော်လှန်နေကြသောကြောင့် နေ့စဉ်စစ်ပွဲသတင်းများ၊ ပျက်စီးဆုံးရှုံးမှုများကို ကြားမြင်နေ ကြရသည်။ သို့သော်လည်း စစ်ကောင်စီသည် ပြည်တွင်းစစ်ပွဲများတွင် တပ်လေယာဉ်များနှင့် ဖုံးကွဲတိုက်ခိုက်မှုများဖြင့် နိုင်ငံတကာဥပဒေများကို ဖောက်ဖျက်ကာ လက်နက်အလွန်အကျွံ သုံးစွဲခြင်းများနှင့် ရွာများကိုမီးရှို့ခြင်းများကိုပါပြုလုပ်နေသည်။ ဤကဲ့သို့ စစ်ကောင်စီ၏လုပ်ရပ်များကြောင့် ပြည်သူများနေ့စဉ် ထွက်ပြေးတိမ်းရှောင်နေကြရပြီး ၎င်းတို့ထဲတွင် အမျိုးသမီး၊ ကလေးနှင့်သက်ကြီးရွယ်အိုများမှာ အခက်အခဲ စိန်ခေါ်မှုနှင့် ပို၍ရင်ဆိုင်နေကြရသည်။

ကရင်နီပြည်နယ်ရှိ စစ်ရှောင်စခန်းများကိုလည်း စစ်ကောင်စီအနေဖြင့် လေယာဉ်ဖြင့်ဖုံးကြဲ တိုက်ခိုက်ခြင်းများလည်းပြုလုပ်ခဲ့သည်။ ထို့ကြောင့် အသက်(၁၂)နှင့် (၁၅)နှစ်အရွယ် အမျိုးသမီးငယ်နှစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်။[14] ထို့အပြင် ကရင်နီပြည်နယ်၊ ဖရူဆိုမြို့နယ်၊ မိုဆိုကျေးရွာအနီးတွင် အမျိုးသမီးနှင့်

---

[12] Development Media Group, Aug 9


[13] Kantarrawaddy Times, Nov 22, https://www.facebook.com/KantarawaddyTimes/posts/4518021531649655

[14] Kantarrawaddy Times, Jan 17, https://www.facebook.com/KantarawaddyTimes/posts/4716723315112808

ကလေးအပါအဝင် (၃၅)ဦးထက်မနည်းသော ပြည်သူများကို စစ်ကောင်စီဘက်မှ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခဲ့သည်။[15] ၎င်းအချက်အလက်များသည် သတင်းဌာနများမှရေးသားထားသည့် အချက်အလက်များကိုသာ အခြေခံထားပြီး မြေပြင်အခြေအနေတွင် ထိုထက်ပို၍ ထိခိုက်ဒဏ်ရာရခြင်းများနှင့် အသက်ဆုံးရှုံးမှုများ ရှိနိုင်သည်။

စစ်ပွဲများတွင် စစ်ကောင်စီဘက်မှ ရမ်းသမ်းပစ်ခတ်မှုများကြောင့် အပြစ်မဲ့ကလေးငယ်များနှင့် အမျိုးသမီးများမှာ မြေဇာပင်ဖြစ်ကြရသည်။ ကလေးမြို့တွင် စစ်ကောင်စီဘက်မှ သေနတ်များ၊ လက်နက်ကြီးများဖြင့် မြို့ထဲပစ်ခတ်မှုကြောင့် (၅)နှစ်အရွယ်ကလေးငယ်တဦး ဦးခေါင်းကျည်စထိကာ ဘယ်လက်နှင့်ခြေထောက် လှုပ်ရှားမရ နိုင်တော့သည်အထိ ဒါဏ်ရာရခဲ့သည်။[16] ထို့အပြင် စစ်ကောင်စီဝင်များ၏ မဆင်မခြင်ပစ်ခတ်မှုကြောင့် ဒီမော့ဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်ကြားရှိရွာတစ်ရွာမှ အမျိုးသမီးတစ်ဦး တောင်ယာမှပြန်လာချိန်တွင် အိမ်ရှေ့တွင် လက်နက်ကြီး(၂)လုံး ပေါက်ကွဲမှုကြောင့် ဒါဏ်ရာရခဲ့သည်။[17]

ထိုသို့ အရပ်သားများအပေါ် ပစ်မှတ်ထားတိုက်ခိုက်ခြင်းများကြောင့် စစ်ရှောင်များမှာ ဦးတည်ရာမဲ့ ဖြစ်ကာ တောတောင်ဂူများထဲတွင် ထွက်ပြေးခိုလှုံနေကြရသည်များရှိသကဲ့သို့ အချို့မှာ ဦးတည်ရာမဲ့ ဖြစ်နေကြသည်။ ထွက်ပြေးတိမ်းရှောင်ရာတွင် မိခင်များသည် ကလေးငယ်များပွေ့ကာ တတ်နိုင်သမျှလိုအပ်သည့် ရိက္ခာတို့ကို သယ်ဆောင်ကာပြေးလွှားနေကြရသည်။ ကိုယ်ဝန်ဆောင်များလည်း ထိုနည်းတူပင် မိမိအတွက်လိုအပ်သည့် ဆေးဝါးအာဟာရတို့ကိုပင် သယ်ယူစုဆောင်းရန်ပင် အခြေနေမပေးမှုများနှင့် ကြုံတွေ့နေကြရသည်။







[15] RFA, Dec 28, https://www.facebook.com/rfaburmese/posts/10161566254108128

[16] Zalen, Jul 16, https://www.facebook.com/zalen.info/posts/3105763399644510

[17] Kantarawaddy Times, Aug 12, https://www.facebook.com/KantarawaddyTimes/posts/4201841539934324

*Photo 2: photo from Mizzima*

ထို့အပြင် စစ်ကောင်စီ၏ အပစ်မဲ့ပြည်သူများအားဖမ်းဆီးကာ ပေါ်တာဆွဲခြင်းနှင့် လူသားဒိုင်းကာအဖြစ် အသုံးပြုခြင်းများတွင် အမျိုးသမီးများကိုလည်း ချန်လှပ်မထားခဲ့ပေ။ စစ်ကောင်စီတပ်ခမရ(၃၄၁)နှင့် ခမရ(၄၁၀) မှတပ်သားတချို့သည် လယ်ထဲအလုပ်သွားနေသည့် ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ ထိုဖိုးပါဒဲကျေးရွာမှ အမျိုးသမီး(၃)ဦးကို ဖမ်းဆီးရိုက်နှက်ခဲ့သည့်အပြင် ထိုအမျိုးသမီးများအား လူသားဒိုင်းကာအဖြစ် ချောချင်းဒေးကျေးရွာအထိ ခေါ်သွားခဲ့ပြီး ပေါ်တာအဖြစ်ပစ္စည်းတွေကို သယ်ဆောင်ခိုင်းခဲ့သည်။[18]

စစ်ပွဲများကြောင့် သွားလာရေးတွင် စစ်ဆေးရေးတင်းကြပ်ထားမှုများရှိနေပြီး ထွက်ပြေးတိမ်းရှောင်နေကြရသည့် စစ်ရှောင်များမှာ စားနပ်ရိက္ခာပြန်လည်သယ်ယူရန်ပင ်အခက်အခဲများနှင့် ရင်ဆိုင်နေကြရသည်။ စစ်ကောင်စီတပ်များမှ ဝင်ရောက်နေထိုင်ခဲ့သည့်ကျေးရွာများတွင် မြေမြှုပ်မိုင်းများထောင်ခဲ့ခြင်းကြောင့်လည်း အသက်အန္တရာယ်ရှိနေသည်။ ထို့ကြောင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ အထူးသဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများမှာ လိုအပ်သည့်အစာအာဟာရများ လုံလောက်စွာရရှိရန် ခက်ခဲနေသည်ကို ရှုမြင်သုံးသပ်ရသည်။ ထို့အပြင် တကိုယ်ရေသန့်ရှင်းရေးဖြစ်သည့် လစဉ်လိုအပ်သည့် အမျိုးသမီးဓမ္မတာ အသုံးအဆောင်များကိုလည်း လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ရရှိရန်ခက်ခဲ သည်။

စစ်ကောင်စီ၏ ထိုးစစ်ဆင်မှုကြောင့် စိုက်ပျိုးသီးနှံများကို ရိတ်သိမ်းခွင့်မရလိုက်ဘဲ အသက်လုထွက်ပြေး ခဲ့ရသည့် အခြေအနေများကြောင့် ရိတ်သိမ်းချိန်ကျော်လွန်၍ သီးနှံများအထွက်နည်းခြင်း၊ ပျက်ဆီးသွားခြင်းများ ရှိခဲ့သည်။ ထို့အပြင် စစ်ကောင်စီတပ်များသည် ၎င်းတို့ ဝင်ရောက်စီးနင်းချိန်တွင် ရိတ်သိမ်းထားသည့်စပါးများကို မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သည်။ စပါး၊ ပြောင်းစသည့် သီးနှံများကိုစိုက်ပျိုးကာ အသက်မွေးဝမ်းကြောင်း ပြု နေကြရသော ကျေးလက်နေပြည်သူများမှာ စစ်ပွဲများကြောင့် အသက်ရှင်ရပ်တည်ရေး၊ ဝမ်းရေးအတွက် စိုးရိမ်ပူပန်နေကြရသည်။[19]

စစ်ဖြစ်သည့်ဒေသများတွင် စစ်ကောင်စီဘက်မှ ၎င်းတို့ ဖြတ်သန်း (သို့မဟုတ်) နေခဲ့ဖူးသည့်နေရာများတွင် မြေမြှုပ်မိုင်းများထောင်ခဲ့ခြင်းများကြောင့် ကလေးသူငယ်နှင့်အမျိုးသမီးများမှာ မြေမြှုပ်မိုင်းများကြောင့် ကိုယ်လက်အင်္ဂါဆုံးရှုံးခြင်းနှင့် အသက်ဆုံးရှုံးရခြင်းများရှိခဲ့သည်။ စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်တွင် နွား ကျောင်းနေသည့်မောင်နှမနှစ်ဦး မိုင်းပေါက်ကွဲ၍ မိုင်းစထိမှန်ကာ ဒါဏ်ရာရခဲ့သည်။[20]

---

[18] Salween Press, Aug 23

[19]Kantarawaddy Times, Dec 13, https://bit.ly/3ESOL4D

[20] Voice of Myanmar, Aug 16, https://www.facebook.com/VoiceofMyanmarNews/posts/900158563919151

ချင်းပြည်နယ်၊ မင်းတပ် မြို့တွင် တောင်ယာမှပြန်လာသည့် သားအမိနှစ်ဦးမှ နှစ်နှစ်ခန့်အရွယ်ရှိသမီးငယ်မှာ မြေမြှုပ်မိုင်းနင်းမိ၍ မိခင်သည်ပွဲချင်းပြီးသေဆုံးခဲ့ပြီး သမီးငယ်မှာ စိုးရိမ်ရသည့်ဒါဏ်ရာများ ရရှိခဲ့သည်။[21]

ထို့အပြင် ရွာများသို့ကျရောက်သည့် မပေါက်ကွဲသေးသည့် လက်နက်ကြီးများကို ဆော့ယူကစားရင်း လက်နက်ပေါက်ကွဲပြီး သေဆုံးမှုများလည်းရှိခဲ့သည်။ အင်းတော်ကြီးဒေသ၊ နန့်မွန်းမြို့မှ မပေါက်ကွဲသေးသည့် လက်နက်ကြီးကျည်ကို သယ်ယူဆော့ကစားရင်း (၁၂)နှစ်အရွယ်ကလေး သေဆုံးခဲ့ရသည်။[22] ထို့ကြောင့် မသေသင့်ပဲ အသက်ပေးလိုက်ရသည့်ဖြစ်စဉ်မျိုး ထပ်မဖြစ်စေရန် ်စစ်ရှောင်ပြည်သူများ နေရပ်မပြန်ခင်မိုင်း/ လက်နက် အကြွင်းအကျန်များ ရှင်းလင်းရေးနှင့် ၎င်းတို့နှင့်ပတ်သက်၍ ကလေးငယ်များနှင့် မိဘပြည်သူများအား အသိပညာ ပေးခြင်းများကို လုပ်ဆောင်ရန်လိုအပ်နေသည်ကို ရှုမြင်သုံးသပ်ရပါသည်။

## ▪ စစ်ဘေးရှောင်များအခြေအနေ

စစ်ပွဲများနေရာအနှံ့ပြန့်နှံ့လာသည်နှင့်အမျှ စစ်ရှောင်လူဦးရေမှာလည်း လျှင်မြန်စွာတိုးလာလျက်ရှိသည်။ ကရင်ပြည်နယ်၊ လေးကေ့ကော်မြို့တွင် တိုက်ပွဲများပြင်းထန်လာသည့်အတွက် ပြည်သူပေါင်း(၄၅၀၀) ကျော် စစ်ရှောင်နေကြရသည်။ စစ်ရှောင်ရင်း အမျိုးသမီးတစ်ဦးမှာ ဆေးဝါးအလုံအလောက်မရှိသောကြောင့် ခဲရာခဲဆစ် မီးဖွားခဲ့ရသည်။[23] ထို့အပြင် ကရင်နီပြည်နယ်တွင်လည်း နှစ်သစ်ကူးနေ့မှစတင်၍ တိုက်ပွဲများပြင်း ထန်လာမှုကြောင့် ပြည်နယ်တခုလုံးရှိ လူဦးရေ၏ ထက်ဝက်ကျော်မှာ စစ်ရှောင်ဘဝသို့ ရောက်ရှိသွားကြရသည်။ ၂၀၂၂မေလမှစတင်၍ ဒီမော့ဆိုမြို့နယ်တွင် စစ်ပွဲများပြင်းထန်၍ နေရပ်စွန့်ခွာခဲ့သောစစ်ရှောင်များသည် စားနပ်ရိက္ခာပြတ်လတ်နေသည့်အခြေအနေများနှင့် ရင်ဆိုင်နေရပြီး အထောက်အပံ့များမှာလည်း ဆန်သာရသည့်အတွက် ဆီ၊ ဆားနှင့် အခြားစားသောက်ကုန်များ လိုအပ်နေသည့်အခြေအနေများ ရှိနေသည်။[24]

ရခိုင်ပြည်နယ်ရှိ ယခင်ရှိနှင့်ပြီးသား စစ်ဘေးရှောင်များသည် နေရပ်ပြန်၍မရသည့်အပြင် လူသားချင်း စာနာမှုကူညီထောက်ပံ့ရေးများရရှိရန်ပင် စစ်တပ်အာဏာသိမ်းကြိုးပမ်းသည့်ကာလအတွင်း စိန်ခေါ်မှုတရပ်ဖြစ် လာသည်။ စစ်ကောင်စီသည် လူသားချင်းစာနာမှု အကူအညီပေးနေသည့်အဖွဲ့များအား ဖမ်းဆီးခြင်း၊ လမ်းသွား လမ်းလာပြည်သူများနှင့် ကုန်တင်ကားများအား တင်းကျပ်သည့်စစ်ဆေးမှုများနှင့် ထိုစစ်ရှောင်နယ်မြေဒေသများ သို့ သွားရောက်ကူညီရန် ပိတ်ပင်ကန့်သတ်မှုများကြောင့် လိုအပ်သည့်နေရာသို့ အကူအညီရောက်ရှိရန် အကန့်အ

---

[21] Chin World Media, Dec 6, https://www.facebook.com/chinworldmedia/posts/274422368053435

[22] The Voice of Shan Ni, Oct 22, https://www.facebook.com/shannivoicenewsjournal/posts/2637362856559738

[23] Myanmar Pressphoto Agency, Dec 22, https://www.facebook.com/mmpressphoto/posts/6733926583314978

[24]Kantarawaddy Times, Dec 15, https://ktnews.org/displaced-civilians-still-hungry-despite-aid-reaching-camps-in-karenni-state/?fbclid=IwAR0sVIH7epo6iRTyl2Tx9d9_ZU5vjJhxxwIlkh0nASr3P8o00sq66vJcxTw

သတ်များရှိနေသည်။ ထို့ကြောင့် အချို့သောစစ်ဘေးရှောင်များသည် စားနပ်ရိက္ခာပြတ်လပ်နေပြီး ရခိုင်ပြည်နယ် စစ်ရှောင်စခန်းရှိ အမျိုးသမီးလေးသောင်းခန့်[25]နှင့် အခြားပြည်နယ်မှ စစ်ရှောင်အမျိုးသမီးများသည် အမျိုးသမီး လစဉ်သုံးပစ္စည်းများလည်း လိုအပ်နေသည်။ တဖက်တွင်လည်း ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်းရှိ မြို့တိုင်းရင်းသားစစ်ရှောင်စခန်းတွင် အမျိုးသမီးအတွင်းခံလုံလောက်မှုမရှိသောကြောင့် အပျိုဖော်ဝင်စ အမျိုးသမီးငယ်များမှာ ယောက်ျားသားများ၏စနောက်ခြင်းများကို ခံနေကြရ၍ စိတ်လုံခြုံမှုမရှိသည့် အခြေအနေများနှင့် ရင်ဆိုင်နေကြရသည်။[26]

လက်ရှိတွင် ဆောင်းတွင်းကာလဖြစ်သည့်အတွက် အနွေးထည်နှင့် ခြုံစောင်များ စစ်ရှောင်စခန်းအားလုံး နီးပါးတို့တွင် လိုအပ်နေသည်။ စစ်ရှောင်များမှာ မိုးကာအခင်းဖြင့်သာ အိပ်ကြရသည့်အတွက် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ ဖြစ်လာနိုင်သည်ဟု ရှုမြင်သုံးသပ်မိပါသည်။ ကရင်နီပြည်နယ်၊ ဒီမော့ဆိုမြို့နယ်တွင် စစ်ပွဲများပြင်းထန်လာသောကြောင့် တောထဲတွင်ဖြစ်သလိုထွက်ပြေးတိမ်းရှောင်နေရသည့် (၅)နှစ်အရွယ်ကလေး ငယ်တဦးမှာ အအေးဒဏ်အောက်တွင် မိုးကာဖြင့်သာခင်းအိပ်ရသောကြောင့် အသက်အန္တရာယ်စိုးရိမ်ရသည့် လေဖြတ်ရောဂါခံစားနေရသည်။[27] ထို့အပြင် ရှမ်းလက်နက်ကိုင်တပ်ဖွဲ့များအကြား တိုက်ပွဲများကြောင့် ထွက်ပြေး တိမ်းရှောင်နေကြရသည့် စစ်ရှောင်(၇၀၀)ကျော်မှာလည်း စားနပ်ရိက္ခာ၊အနွေးထည်နှင့် စောင်များလိုအပ်နေသည်။[28] ကရင်နီပြည်နယ်အတွင်းရှိ အချို့ဒေသများတွင် ဆန်များပြတ်လပ်နေ၍ ပြောင်းကောက်များကိုသာ စားနေရသည့်အခြေအနေများနှင့် ရင်ဆိုင်နေရပါသည်။

ထို့အပြင် ကရင်နီပြည်နယ်နှင့် ရခိုင်ပြည်နယ်ကျောက်တော်မြို့နယ်တွင်းရှိ စစ်ရှောင်စခန်းများတွင် ရေရှားပါးမှုပြဿနာများနှင့် ရင်ဆိုင်နေရ၍ ရရာရေများနှင့်ရွှံ့ရေများဖြင့်သာ အသုံးပြုနေကြရသည်။[29] ရေရှားပါးမှုကြောင့် ရေမချိုးရသည့်အပြင် တကိုယ်ရည်သန့်ရှင်းရေးများပြုလုပ်ရန်ပင် ရေလုံလောက်မှုမရှိသောကြောင့် နောက်ဆက်တွဲကျန်းမာရေးပြဿနာ ဖြစ်လာနိုင်သည်ကို သုံးသပ်ရှုမြင်ပါသည်။

## နိဂုံး

အမျိုးသမီးများသည် အကြမ်းဖက်စစ်ကောင်စီမှကျူးလွန်သော လူသားဒိုင်းအဖြစ်အသုံးခြင်း၊ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပမ်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ မုဒိမ်းပြုကျင့်ခြင်း၊ ပစ်ခတ်သတ်ဖြတ်

---

[25] Development Media Group, Sep 4

[26]Mro Ethnic in Myanmar, Jan 15, https://www.facebook.com/mroethnicinmyanmar/posts/887997951840903

[27]Ayarwaddy Times, Dec 15, https://www.facebook.com/ayeyarwaddytimes/posts/2061577580666899

[28] Shan News, Dec 6, https://www.facebook.com/shannewsburmese/posts/4628847167207690

[29]Narinjara, Jan 15, facebook.com/narinjara.info/posts/5098683363477033 ,Katarawaddy Times, Jan 10.

ခြင်း၊ အရှင်လတ်လတ်မီးရှို့သတ်ဖြတ်ခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်းစသည့် အဆိုးရွားဆုံးအခြေအနေဖြင့် ရင်ဆိုင်ခံစားနေကြရသော်လည်း မြန်မာပြည် စစ်အာဏာရှင်၊ အာဏာရှင်များ၏ လက်အောက်မှ လွတ်မြောက်ရေးနှင့် အဆိုပါအာဏာရှင်စနစ် အမြစ်ပြတ်တော်လှန်ရေးတွင် လက်နက်ကိုင်လမ်းစဉ်အပါအဝင် ကျရာအခန်းကဏ္ဍတို့တွင် စွန့်စားဦးဆောင်နေကြသည်။

တဖက်တွင်လည်း နိုင်ငံရေးမတည်ငြိမ်မှုနှင့် စစ်ပွဲများကြောင့်အမျိုးသမီးများ၊ အမျိုးသမီးငယ်များနှင့် ကလေးသူငယ်များမှာ ဝေါ်ပြတ်မှု၊ မလုံခြုံမှု၊ အသတ်ဘေးအန္တရာယ်မှုများနှင့် ရင်ဆိုင်နေကြရသည်။ ၎င်းတို့ နဂိုမူလနေထိုင်ရာနေရာများအပါအဝင် စစ်ဖြစ်သောနေရာအများစုတွင် မိုင်းထောင်ထားခြင်းနှင့် အကြမ်းဖက်စစ်တပ် မှ ရမ်းသမ်းပစ်ခတ်မှုများကြောင့် အမျိုးသမီးနှင့် ကလေးသူငယ်များမှာ အသက်နှင့် ကိုယ်လက်အင်္ဂါများ ဆုံးရှုံးကြ ရသည်။

အကြမ်းဖက်စစ်အုပ်စု၏ လူမဆန်သောလုပ်ရပ်များသည် စစ်အာဏာရှင်အား တန်ပြန်တိုက်ခိုက်သည့် တိုက်ပွဲများ ပိုမိုများလာပြီး၊ ပြည်သူ့ခုခံတော်လှန်မှုမှာ ယခုထက်ပိုမိုအားကောင်းလာနိုင်သည့်အတွက် စစ်ဘေးရှောင်အရေအတွက်များ ပိုမိုများပြားလာနိုင်သည်ကို သုံးသပ်မိသည်။ စစ်တပ်မှ လူထုကိုအကြောက်တရားဖြင့် ဖိနှိပ်ထိန်းချုပ်နိုင်ရန်အတွက် ပြည်သူ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များကို ဖျက်ဆီးခြင်းများကိုလည်း ပိုမိုပြုလုပ်လာနိုင်သဖြင့် စစ်အာဏာရှင်မပျက်သုဉ်းပါက တနိုင်ငံလုံးပျက်စီးကြေမွသွားနိုင်သည့် အခြေအနေများကိုလည်းမိမိတို့မှ ရှုမြင်သုံးသပ်သည်။ အကြမ်းဖက်စစ်ကောင်စီမှ အမျိုးသမီးနှင့် ကလေးများအပါအဝင် ပြည်သူလူထုအားစစ်ရာဇဝတ်မှုများဆက်လက်ကျူးလွန်မရှိစေရန်နှင့် မြန်မာပြည်ကြီးအလုံးစုံပျက်စီးခြင်းသို့ မရောက်ရှိစေရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီအပါအဝင် နိုင်ငံတကာမှ ကမ္ဘာလုံးဆိုင်ရာစစ်လက်နက်များ တင်ပို့ရောင်းချရေးရပ်တန့်စေရန် ပြုလုပ်ပေးခြင်းသည်သာ တစ်ခုတည်းသောဖြေရှင်းနိုင်မည့် နည်းလမ်းဖြစ်သည်။

## အကြံပြုချက်များ

- နိုင်ငံတကာအစိုးရများအနေဖြင့် နိုင်ငံတဝှမ်းလူထုဆန္ဒထုတ်ဖော်မှုများတွင် မတရားဖမ်းဆီးခြင်း၊ အမျိုးသမီးများအပေါ် ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်းများမှအစ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်စော်ကားမှုများ၊ မုဒိမ်းကျင့်မှုများ နှင့် အပြစ်မဲ့ပြည်သူများကို ရိုက်နှက်သတ်ဖြတ်ခြင်း၊ မီးရှို့သတ်ဖြတ်ခြင်းအစရှိသည့် စစ်ကောင်စီ၏ ယုတ်မာရက်စက်မှုများအားလုံးကို နိုင်ငံတကာလူ့အခွင့်အရေးစံချိန်စံညွှန်းများနှင့်အညီ အပြစ်ပေးအရေးယူမှုများ အမြန်ဆုံး ဆောင်ရွက်ရန် တောင်းဆိုလိုက်သည်။

- မြို့တွင်းတိုက်ပွဲများအား စစ်ကောင်စီဘက်မှ ထိုးစစ်ဆင်တိုက်ခိုက်မှုတွင် တိုက်လေယာဉ်အသုံးပြုခြင်း၊ လူသားဒိုင်းများအဖြစ်အသုံးပြုခြင်း၊ စစ်ဘေးရှောင်စခန်းများအား စစ်ကောင်စီမှလေကြောင်းသုံး၍ စစ်ရှောင်ပြည်သူများအပေါ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်သည့်လုပ်ရပ်များ အမြန်ဆုံးရပ်တန့်ရန် ကမ္ဘာ့ကုလသမဂ□အပါအဝင် နိုင်ငံတကာအဝိုင်းအဝိုင်းမှ ဖိအားပေးမှုများကို အရှိန်မြင့်လုပ်ဆောင်ရမည်ဖြစ်ပြီး အပြစ်မဲ့ပြည်သူများအပေါ် အဆိုး ရွားဆုံး လူ့အခွင့်အရေးချိုးဖောက်မှုနှင့် စစ်ရာဇဝတ်မှုကျူးလွန်သူများအား နိုင်ငံတကာတရားခုံရုံးတွင် စွဲချက်တင် အမှုဖွင့်နိုင်ရေးအတွက် ပါဝင်တိုက် တွန်းပေးရန်အထူးလိုအပ်သည်။

- စစ်ကောင်စီသည် စစ်မြေပြင်သုံးလက်နက်များအသုံးပြုကာ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်များကို ဖျက်စီး နေသည့်အတွက် ၎င်းတို့လက်နက်ဝယ်ယူရရှိနိုင်သည့် လမ်းကြောင်းများ၊ စစ်ပိုင်းဆိုင်ရာ နည်းပညာပံ့ပိုးမှုများကို ပိတ်ပင်တားဆီးပြုလုပ်ပေးပါရန် တိုက်တွန်းအကြံပြုလိုက်သည်။ ထို့အပြင် စစ်ကောင်စီမှ လေယာဉ်ဖြင့်ဗုံးကြဲတိုက်ခိုက်ခြင်းများ ပြုလုပ်သည့်အတွက် လေယာဉ်မပျံသန်းရစစ်မဲ့ဇုံ အမြန်ဆုံးသတ်မှတ်ပေးရန် အထူးတောင်းဆိုလိုက် သည်။

- စစ်လက်နက်အကြွင်းအကျန်များကြောင့် ကလေးသူငယ်များနှင့် အမျိုးသမီးများ သေဆုံးမှုတိုးလာလျှက်ရှိသည့်အတွက် မိုင်းရှင်းလင်းရေးနှင့် လက်နက်အကြွင်းအကျန်များ ရှင်းလင်းရေးတို့အတွက် လိုအပ်သောနည်းပညာနှင့် ပစ္စည်းကိရိယာများကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ချိတ်ဆက်ထောက်ပံ့ပေးမှုများ ဆောင်ရွက်စေလိုပါသည်။

- နိုင်ငံတဝန်း တိုက်ပွဲများပိုမိုပြင်းထန်လာသည်နှင့်အမျှ စစ်ရှောင်ဦးရေမှာလည်း တိုးလျှက်ရှိသဖြင့် နိုင်ငံတကာလူသားချင်းစာနာမှုအကူအညီများ အရေးပေါ်လိုအပ်သည့်အတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ ရသည့်နည်းလမ်းဖြင့် ဒေသခံလူမှုရေးအသင်းအဖွဲ့များ၊ လူထုအခြေပြုအဖွဲ့အစည်းများမှတဆင့် ကူညီပေးရန် တိုက်တွန်းသည်။